# မြန်မာနိုင်ငံ - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လတ်တလောဖြစ်ပေါ်နေသည့် နေရပ်စွန့်ခွာတိမ်းရှောင်မှု (၂၉ ဖေဖော်ဝါရီ ၂၀၁၆)

OCHA

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၊ ရှမ်းပြည် တပ်မတော် (တောင်ပိုင်း) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့အကြား ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၌ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ပြည်နယ် အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း များ၏ ပြောကြားချက်များအရ စုစုပေါင်း လူဦးရေ ၄,၂၀၀ ကျော် ကျောက်မဲမြို့နှင့် ပတ်ဝန်းကျင်ရှိ ရွာများသို့ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရပါသည်။ လူဦးရေ ၁,၄၀၀ ကျော်မှာ ၄င်းတို့ နေရပ်များသို့ ပြန်သွားနိုင်ခဲ့ပါသည်။ သို့သော်လည်း လွန်ခဲ့သည့် ရက်သတ္တပတ် အတွင်းတွင် တိုက်ပွဲများ ထပ်မံဖြစ်ပွားခဲ့သည့် အတွက် လူဦးရေ ၃၀၀ ခန့် နေရပ် စွန့်ခွာ တိမ်းရှောင်ခဲ့ရပါသည်။ ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိ လူဦးရေ ၂,၇၀၀ ခန့်မှာ ဆက်လက် နေရပ်စွန့်ခွာ တိမ်းရှောင်ဆဲဖြစ်ပါသည်။

အစိုးရနှင့် ပုဂ္ဂလိကအလှူရှင်များ၊ ဒေသတွင်း အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်း၊ ကုလသမဂ္ဂ၊ နိုင်ငံတကာမှ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကယ်ဆယ်ရေး ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးခဲ့ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူ မိသားစုအချို့အတွက် ၄င်းတို့ နေရပ်ပြန်နိုင်သည့်အချိန်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးမှုများ လိုအပ်ပါလိမ့်မည်။


ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နမ့်ခမ်းမြို့နယ်မှ လူဦးရေ ၁,၂၀၀ ခန့်မှာလည်း မိုင်းဝီးရွာသို့ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရပါသည်။ ဒေသတွင်း အာဏာပိုင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ အစားအစာ၊ အစားအစာမဟုတ်သည့် အခြားကယ်ဆယ်ရေး ပစ္စည်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးခဲ့ပါသည်။

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ သက်ဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။


## ဖေဖော်ဝါရီလအတွင်း နေရပ်စွန့်ခွာတိမ်းရှောင်မှု

~၄,၀၀၀ အသစ်ထပ်မံနေရပ်စွန့်ခွာ တိမ်းရှောင်သူများ

>၂၀ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း အသစ်များ






ဤမြေပုံတွင် ဖော်ပြထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များမှာ ကုလသမဂ္ဂမှ တရားဝင် ထောက်ခံချက်ပြုထားသည့် သို့မဟုတ် လက်ခံထားသည့် နယ်နိမိတ်များနှင့် အမည်များ၊ သတ်မှတ်ချက်များ အဖြစ် ညွှန်းဆိုမှုမပြုနိုင်ပါ။
ထုတ်ဝေသည့် ရက်စွဲ ၂၀၁၆ ခုနှစ် မတ် ၂၊ သတင်းအချက်အလက်အရင်းအမြစ် ပြည်နယ်အစိုးရ၊ OCHA ၊ UNICEF ၊ WFP ၊ အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ဆက်သွယ်ရန် ochamyanamr@un.org www.unocha.org www.reliefweb.int